**Karen National Union**
**Office of the Supreme Headquarters**
**Kawthoolei**
www.knuhq.org

# Karen National Education Policy

March 30, 2015

## Foreword

Historically, we the Karen people have consistently maintained our literature, culture, customs and traditions. The Karen people have lived not only in the Karen State but extensively also in other states and divisions (regions). The majority of Karen people live especially in the Irrawaddy Delta Region. There are two main Karen dialect communities, known as Pow and Sgaw. During the British colonial period, the Karen national schools received authorization to establish Pow Karen schools up to the middle school level and Sgaw Karen schools up to the high school level. When Burma received independence, the Karen people no longer had the permission to establish their national schools. For learning our own national language, we had to open summer-time classes. However, in some of the KNU administered areas, in accordance with the Karen national educational system and under the supervision of the Karen Education Department, schools of kindergarten, primary, middle, high (secondary) and university (tertiary) levels are opened and education is provided. Therefore, in order for the educational system to be at the international level, for the educational standards in the ASEAN countries to be matching, for the continued maintenance and promotion of our own national literary, cultural and historical heritage and, in addition, for heading towards a Federal Union State, where all the ethnic nationalities co-exist peacefully, the basic principles of the Karen national education policy are laid down as follows.

## Basic Principles

1. Every Karen shall learn his own literature and language.

2. Every Karen shall be acquainted with Karen history.

3. The Karen culture, customs and traditions shall be promoted.

4. Our own Karen culture, customs and traditions shall be made to be respected by the other ethnic nationalities, and the cultures, customs and traditions of the other ethnic nationalities shall mutually be recognized and respected.

5. The unity of the Karen people and coexistence peacefully with the other ethnic nationalities shall be aimed for.

6. The Karen national education schools from the primary, middle, high, vocational to the university levels shall be opened.

7. There shall be authorization to open Karen national education schools not only in the Karen State but also in other states and regions, where the Karen people reside.

8. With the aim of developing the entire Karen nation, science, technology and civic education shall be elevated.

9. At the basic education level, every person shall be able to learn, free of charge, and the primary education shall be compulsory.

10. The students shall have freedom of thought, and the learning system shall be based on personal study, experiment and research.

11. In the management of educational workers, the dignity and capability shall be raised in accordance with the qualification and criterions of entitlement.

12. In the realization of educational activities by the individual states, regions and schools, they shall have the right to freedom of management.

13. There shall be freedom to form students and teachers unions.

14. From the States and Union national (federal) revenues appropriate amounts shall be appropriated for educational expenditures.

15. Research work for the development of education shall be undertaken in cooperation with in-country, regional and international institutions.

16. At the State levels as well as at the Union (Federal) level, there shall be the right to enact laws for the ethnic national education.

Supreme Headquarters
Karen National Union

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး

ဗဟိုဌာနချုပ်

ကော်သူးလေ

www.knuhq.org

# ကရင်အမျိုးသားပညာရေးမူဝါဒ

ရက်စွဲ။ ။ ၂၀၁၅ ခုနှစ်၊ မတ်လ (၃၀) ရက်

**နိဒါန်း**

မိမိတို့ကရင်လူမျိုးသည် သမိုင်းအစဉ်အဆက်အရ၊ မိမိတို့၏စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်း စဉ်လာတို့ကို အစဉ်တစိုက် ထိန်းသိမ်းလာခဲ့သည်။ မိမိတို့ကရင်လူမျိုးသည် မြန်မာနိုင်ငံအတွင်း ကရင်ပြည်နယ် တွင်သာမက အခြားပြည်နယ်နှင့် တိုင်းဒေသများတွင်လည်း ပျံ့နှံ့နေထိုင်လျှက်ရှိသည်။ အထူးသဖြင့် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသတွင် အများဆုံးနေထိုင်ကြသည်။ ထို့အတူ အဓိကမျိုးနွယ်စုအားဖြင့် "ပိုး" နှင့် "စကော" ဟူ၍ရှိသည်။ ကရင်အမျိုးသားပညာရေးကျောင်းများကို အင်္ဂလိပ်ကိုလိုနီခေတ်တွင် ပိုးကရင်ကျောင်းကို အလယ် တန်းအဆင့်နှင့် စကောကရင်ကျောင်းကို အထက်တန်းအဆင့် ဖွင့်လှစ်သင်ကြားပိုင်ခွင့်ရှိခဲ့သည်။ ထို့နောက် မြန်မာပြည်လွတ်လပ်ရေးရပြီးနောက်တွင် မိမိတို့ကရင်အမျိုးသားပညာရေးကျောင်းများ ဖွင့်လှစ်သင်ကြားခွင့် မရရှိတော့ပေ။ မိမိတို့အမျိုးသားစာပေကို နွေရာသီသင်တန်းအဖြစ်သာ ဖွင့်လှစ်သင်ကြားရသည်။ သို့သော် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးအုပ်ချုပ်နယ်မြေအချို့တွင် ကရင့်ပညာရေးဌာန၏ ဦးစီးမှုဖြင့် ကရင် အမျိုးသားကျောင်းများကို မူကြိုမှသည် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်များအထိ သင်ကြား ဖွင့်လှစ်လျှက်ရှိပါသည်။ ထို့ကြောင့် ပညာရေးစနစ်အားနိုင်ငံတကာအဆင့်ရှိစေရန်၊ အာစီယံနိုင်ငံအတွင်း ပညာရေး စံချိန်တပြေးညီစေရန်နှင့် မိမိတို့ကရင်အမျိုးသားတို့၏ စာပေယဉ်ကျေးမှုသမိုင်းအမွေအနှစ်များကို ဆက်လက် ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်သွားနိုင်စေရန် ရည်ရွယ်လျှက် အခြားတိုင်းရင်းသားလူမျိုးများနှင့် ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်သော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကို ဦးတည်သည့် ကရင်အမျိုးသားပညာရေးမူဝါဒ ဆိုင်ရာအခြေခံမူကို အောက်ပါအတိုင်းချမှတ်သည်။

**<u>အခြေခံမူများ</u>**

၁။ ကရင်အမျိုးသားတိုင်းသည်မိမိတို့၏စာပေ၊ဘာသာစကားတတ်မြောက်ရမည်။

၂။ ကရင်အမျိုးသားတိုင်းသည်ကရင်အမျိုးသားသမိုင်းကိုသိရှိရမည်။

၃။ ကရင်အမျိုးသား၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ ထုံးတမ်းစဉ်လာတို့ကိုထိန်းသိမ်းမြှင့်တင်ရမည်။

၄။ မိမိကရင့်အမျိုးသား၏ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းများကို အခြားတိုင်းရင်းသားလူမျိုးများမှ လေးစားစေရန်နှင့် အခြားတိုင်းရင်းသားလူမျိုးများတို့၏ ယဉ်ကျေးမှုရိုးရာဓလေ့ထုံးတမ်းများကိုလည်း အပြန်အလှန်အသိအမှတ်ပြုလေးစားရမည်။

၅။ ကရင့်အမျိုးသား၏ စည်းလုံးညီညွတ်မှုနှင့် အခြားတိုင်းရင်းသားလူမျိုးများတို့နှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကို ဦးတည်ရမည်။

၆။ ကရင်အမျိုးသားပညာရေးကျောင်းကို မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ အသက်မွေးဝမ်းကြောင်းပညာသင်ကျောင်းနှင့် တက္ကသိုလ်ကျောင်းများကို ဖွင့်လှစ်သွားမည်။

၇။ ကရင်အမျိုးသားပညာရေးကျောင်းများကို ကရင်ပြည်နယ်၌သာမက ကရင်အမျိုးသားများ နေထိုင်ရာ အခြားပြည်နယ်ဒေသများတွင်လည်း ဖွင့်လှစ်သင်ကြားခွင့်ရှိရမည်။

၈။ တစ်မျိုးသားလုံး၏ ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်၍ သိပ္ပံအတတ်ပညာ၊ နည်းပညာနှင့် လူမှုရေးအသိပညာတို့ကိုမြှင့်တင်သွားရမည်။

၉။ အခြေခံပညာအဆင့်၌ လူတိုင်းအခမဲ့သင်ကြားနိုင်ပြီး၊မူလတန်းပညာကိုလူတိုင်းမသင်မနေရဖြစ်ရမည်။

၁၀။ ကျောင်းသူ၊ ကျောင်းသားများ လွတ်လပ်စွာတွေးခေါ်နိုင်ပြီး ကိုယ်တိုင်လေ့လာစူးစမ်းသင်ယူနိုင်သည့်သင်ကြားရေးနည်းစနစ်ဖြစ်ရမည်။

၁၁။ ပညာရေးဝန်ထမ်းများဆိုင်ရာစီမံခန့်ခွဲမှုတွင် အရည်အသွေးနှင့် ရပိုင်ခွင့်စံနှုန်းစံထားများကို အခြေခံပြီး ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်ကို မြှင့်တင်သွားရမည်။

၁၂။ ပြည်နယ်အလိုက်၊ ဒေသအလိုက်၊ ကျောင်းအလိုက်ပညာရေးလုပ်ငန်းများ အကောင်အထည် ဖေါ်ဆောင်ရွက်ရာတွင်လွတ်လပ်စွာစီမံခန့်ခွဲခွင့်ရှိရမည်။

၁၃။ ကျောင်းသားသမဂ္ဂများ၊ ကျောင်းဆရာသမဂ္ဂများကို လွတ်လပ်စွာဖွဲ့စည်းထူထောင်ခွင့်ရှိရမည်။

၁၄။ ပြည်နယ်နှင့်ပြည်ထောင်စုအမျိုးသားဝင်ငွေတွင် ထိုက်သင့်သည့်ပညာရေးအသုံးစရိတ်များကို ခွဲဝေသတ်မှတ်ပေးရမည်။

၁၅။ ပညာရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သုတေသနကို နိုင်ငံတွင်းပညာရေးအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာပညာရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

၁၆။ ပြည်နယ်အဆင့်သော်လည်းကောင်း၊ ပြည်ထောင်စုအဆင့်သော်လည်းကောင်း၊ တိုင်းရင်းသားဆိုင်ရာ အမျိုးသားပညာရေးဥပဒေပြဌာန်းခွင့်ရှိရမည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်

# ပညာရေးဆိုင်ရာ အခြေခံမူများ

ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်သည့် နိုင်ငံဖြစ်သည့်အလျောက် မတူကွဲပြားသည့်ယဉ်ကျေးမှုများ၊ ရိုးရာဓလေ့ရှိကြပြီး တိုင်းရင်းသား လူမျိုးတိုင်းသည် မိမိတို၏ စာပေယဉ်ကျေးမှု၊ သမိုင်း၊ ရိုးရာဓလေ့တို့ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်မြင့်တင် သွားရမည် ဖြစ်သည်။ ထို့ကြောင့် အမျိုးသား ပညာရေးစနစ်နှင့် မူဝါဒများချမှတ်ရာတွင် လူမျိုးတမျိုးနှင့်တမျိုး အပြန်အလှန် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းတို့ကို လေးစား အသိပြုပြီ ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးနှင့်ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံကို အခြေခံသည့် ပညာရေး ဆိုင်ရာ မူဝါဒကို အောက်ပါအတိုင်း ချမှတ်ဆောင်ရွက်ရမည် ဖြစ်သည်။

၁။ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ သမိုင်းနှင့်ရိုးရာဓလေ့ထုံးတမ်းစဉ်လာတို့ကို ထိန်းသိမ်း မြင့်တင်ရန်နှင့် အပြန်အလှန် လေးစားအသိမှတ်ပြုရမည်။

၂။ ပြည်နယ်အလိုက်၊ ဒေသအလိုက်၊ ကျောင်းအလိုက် ပညားရေးလုပ်ငန်းများကောင်းအထည်ဖော် ဆောင်ရွက် ရာတွင် ပညာရေးကဏ္ဍအတွက် အုပ်ချုပ်မှုနှင့် ဘဏ္ဍာရေး စီမံခန့်ခွဲမှုများကို လွတ်လပ်စွာ ဆောင်ရွက်ခွင့် ရှိရမည်။

၃။ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပညာရေးကျောင်း (National School) များကို မိမိတို့၏ တိုင်းရင်းသား ပြည်နယ်အတွင်းတွင်သာမက မိမိတို့နေထိုင်သည့် အခြားပြည်နယ်ဒေသများတွင် ဖွင့်လှစ်သင်ကြားခွင့်ရှိရမည်။

၄။ ပြည်ထောင်စုအဆင့်သော်လည်းကောင်း၊ ပြည်နယ်အဆင့်သော်လည်းကောင်း တိုင်းရင်းသားဆိုင်ရာ အမျိုးသား ပညာရေးဥပဒေကို ပြဌာန်းပေးရမည်။

၅။ တိုင်းရင်းသားလူမျိုးများ၏ သမိုင်းများကို ပြုစုဖော်ထုတ်ပြီး သင်ကြားခွင့်ရှိရမည်။

၆။ အမျိုးသားပညာရေး မူဝါဒ ရေးဆွဲချမှတ်ရာတွင် တိုင်းရင်းသားပြည်နယ်များနှင့် အမျိုးသားဆိုင်ရာ အခြေခံ မူဝါဒ ကို ထည့်သွင်းပါဝင်ရမည်။

၇။ မိခင်ဘာသာစကားအခြေပြု ပညာရေးစနစ် (Mother Tongue Based Multilingual Education) ကို မူလတန်း အဆင့်မှစ၍ အဆင့်ဆင့် သင်ကြားပေးနိုင်ရန် သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ ဒေသန္တရ အစိုးရမှ ဥပဒေ ပြဌာန်းရမည်။

၈။ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ ပညာရေးအဖွဲ့စည်းများက ဆောင်ရွက်လျက် ရှိသော ပညာရေးစနစ်နှင့် ပညာရေးကျောင်းတို့ကို အသိမှတ်ပြုပြီး ပညာရေး ရန်ပုံငွေများ ချပေးခြင်းနှင့် ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ပေးရမည်။

၉။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရနှင့် ပြည်ထောင်စု အစိုးရမှ ပညာရေး အသုံးစရိတ်များကို ခွဲဝေသတ်မှတ် ပေးရ မည်။

၁၀။ အမျိုးသားပညာရေး သင်ရိုးညွှန်းတမ်း စံချိန်စံနှုန်း အညွှန်းမူဘောင်များ ရေးဆွဲရာတွင် ပြည်ထောင်စုနှင့် ပြည်နယ်များ နှင့် ဒေသတွင်းပညာရေး အဖွဲ့အစည်းတို့ပူးပေါင်းပါဝင်ရမည်။ ကျောင်းသင်ရိုးညွှန်းတမ်းများ ပြုစု ရေးသားရာတွင် ကျား/မ တန်းတူရေးကို အဓိကထားပြီး သတိထား ထည့်သွင်းရေးဆွဲရန်။

၁၁။ ပြည်နယ်တခုနှင့်တခုကြား ကျောင်းပြောင်းသင်ကြားနိုင်ရေးအတွက် တိုင်းရင်းသားပြည်နယ်များ ပူးပေါင်း ညှိနှိုင်းပြီး "စံနှုန်းတူ" ပညာရေးစနစ်ကို အသိမှတ်ပြုကျင့်သုံးရမည်။

၁၂။ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ၏ တမျိုးသားလုံး ဖွံ့ဖြိုးတိုးတက်မှုကိုဦးတည်၍ သိပ္ပံ အတတ်ပညာ နည်းပညာ၊ လူမှုရေးနှင့် သုတေသနလုပ်ငန်းတို့ကို မြှင့်တင်ရမည်။

၁၃။ မူလတန်းပညာကို လူတိုင်းမသင်မနေရဖြစ်ပြီး အခြေခံပညာဆင့်တွင်လူတိုင်းလက်လှမ်းမီ၍ အခမဲ့ သင်ကြား စေရမည်။

၁၄။ ကျောင်းသူ၊ ကျောင်းသားများ လွတ်လပ်စွာ တွေးခေါ်ဆွေးနွေးနိုင်ပြီး ကိုယ်တိုင်လေ့လာစူးစမ်းသင်ယူနိုင်သည့် သင်ကြားရေးနည်းစနစ် ဖြစ်ရမည်။

၁၅။ ပညာရေးဝန်ထမ်းများဆိုင်ရာ စီမံခန့်ခွဲရာတွင် အရည်းအချင်းနှင့် ဂုဏ်သိက္ခာကိုအသိမှတ်ပြု၍ ရပိုင်ခွင့်စံနှုန်း စံထားများကို မြင့်တင်ပေးရမည်။

၁၆။ ပညာရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သုတေသနလုပ်ငန်းများကို လုပ်ဆောင်သွားပြီးနိုင်ငံတွင်း ပညာရေး အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ ပညာရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက် သွားမည်။

၁၇။ တိုင်းရင်းသားလူမျိုးများ၏ "အမျိုးသားပညာရေးကျောင်း (National School)" ကို မူကြိုမှစ၍ အသက်မွေး ဝမ်းကျောင်း ပညာ အပါအဝင် တက္ကသိုလ်ကျောင်းများအထိ ဖွင့်လှစ်သင်ကြားခွင့် ရှိရမည်။

၁၈။ မသန်စွမ်းသူများအတွက် သီးခြား ပညာရေးစနစ် ထည့်သွင်းစဉ်းစားပေးရန် (All inclusive, Special Education)

၁၉။ ပြည်ထောင်စုနိုင်ငံသားတိုင်းသည် ကျောင်းပြင်ပ ပညာရေးမှ ကျောင်းတွင်းပညာရေးစနစ်သို့ တရားဝင် ကူးပြောင်း သင်ယူခွင့် ရှိရမည်။

၂၀။ လူမှုပေါင်းသင်းဆက်ဆံရေး စွမ်းရည်၊ ပဋိပက္ခဖြေရှင်းခြင်း စွမ်းရည်၊ ဘာသာစကား တတ်ကျွမ်းမှု စွမ်းရည်နှင့် ပင်ကိုယ်စွမ်းရည် တို့ကို အားပေးသည့် ပညာရေးစနစ်ကို ကျင့်သုံးသွားရမည်။

၂၁။ အသက်မွေးဝမ်းကျောင်းပညာ (Vocational Education) သင်ကြားပေးသည့် ပညာသင်ဌာနများ ဖွင့်လှစ်ထားရှိ ရမည်။

၂၂။ အသက်အရွက် ကန့်သတ်ထားခြင်း မရှိပဲ မိမိဂါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်သည့် (Lifelong Learning) ပညာရေးစနစ် ဖြစ်ရမည်။

၂၃။ ပညာရေးနယ်ပယ်တွင် မူးယစ်ဆေးဝါး မရှိပဲ ကင်းစင်ရေးအတွက် မူးယစ်ဆေးဝါး ပညာပေးသင်ရိုးညွှန်းတမ်းများ ပြုစုပြီး ပညာရေးကျောင်းများတွင် ထည့်သွင်း သင်ကြားရမည်။

၂၄။ ကျောင်းသားသမဂ္ဂနှင့် ကျောင်းဆရာသမဂ္ဂများကို လွတ်လပ်စွာ ဖွဲ့စည်းခွင့် ရှိရမည်။